# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 9, 2020 Volume 30, Number 7


| ၉.၄.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၅၀ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၂၀/- ကျပ် |
| CBM Rate | = ၁၄၂၉.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၄.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၁.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၃.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၈၉.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၂.၄၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၇၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၇.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၉.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၅၇၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## သင်္ကြန်အစိုးရရုံးပိတ်ရက်အတွင်း အကောက်ခွန်လုပ်ငန်းများ အချိန်ပိုဆောင်ရွက်ပေးမည်




စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် လေဆိပ်၊ ရေဆိပ်၊ နယ်စပ် ဝင်/ထွက်ပေါက်စသည်တို့တွင် အကောက်ခွန် ဆိုင်ရာ လုပ်ငန်းများ အချိန်ကြာမြင့်မှုမရှိစေရန်အတွက် မဟာသင်္ကြန်ရုံးပိတ်ရက်များ ဖြစ်သော ဧပြီ ၁၀ ရက် ဧပြီ ၁၃ ရက်နှင့် ဧပြီ ၁၆ ရက်များတွင် အကောက်ခွန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနက အသိပေးကြေညာသည်။ ထိုကဲ့သို့ဆောင်ရွက်ပေးရာတွင် ဧပြီ ၁၀ ရက်တွင် ဆိပ်ကမ်းများအားလုံး အချိန်ပို ဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ ဧပြီ ၁၃ ရက်နှင့် ဧပြီ ၁၆ ရက်များတွင် ဆိပ်ကမ်း လုပ်ငန်းများသာမက ရုံးလုပ်ငန်းများပါ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ အချိန်ပို ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းသိရသည်။

"အစိုးရရုံးပိတ်ရက်မှာ ဆိပ်ကမ်းလုပ်ငန်းတွေအဆင်ပြေဖို့အတွက် OT ချထား ပေးပါတယ်။ အစိုးရရုံးပိတ်ရက် မနက်ဖြန်က စပြီးလုပ်ငန်းတွေ ဆောင်ရွက်ပေးမှာပါ။ အချိန်ပိုဆောင်ရွက်လိုသူတွေအနေနဲ့ ကြိုတင်စာရင်းပေးဖို့တော့ လိုတာပေါ့။ MACCS စနစ်နဲ့ ဆောင်ရွက်ပေးမှာဖြစ်လို့ ကျသင့်မယ့်အခွန်တွေ ပေးဆောင်နိုင်ဖို့ Deposit ငွေကိုကြိုတင်ထည့်သွင်းထားဖို့တော့လိုပါတယ်။"ဟု အကောက်ခွန်ဦးစီးဌာန အရာရှိ တစ်ဦးက ဧပြီ ၉ ရက်တွင် မြန်မာတိုင်းမ်သို့ပြောကြားသည်။ အဆိုပါ အကောက်ခွန် လုပ်ငန်းအား အချိန်ပိုလုပ်ငန်း ဆောင်ရွက်လိုသူများအနေဖြင့် Myanmar Automated Cargo Clearance System (MACCS) စနစ်ဖြင့် ဆောင်ရွက်ရမည် ဖြစ်သောကြောင့်

ဘဏ်ဖွင့်ရက်များတွင် စနစ်အတွင်းသို့ တင်သွင်း/တင်ပို့မည့် ပစ္စည်းများအတွက် ကျသင့် အခွန်အခများ ပေးဆောင်ရန် Deposit ငွေအား လုံလုံလောက်လောက် ကြိုတင်ထည့်သွင်း ထားရမည်ဖြစ်ပြီး လေဆိပ် Export လုပ်ငန်းများ ဆောင်ရွက်ခြင်းကို Mingalardon Cargo Services (MCS) မှ လေကြောင်းခရီးစဉ်ရှိပါက တစ်ရက်ကြိုတင်၍ အကောက်ခွန်တာဝန်ခံ (ထုတ်/သွင်း)/ (ကာကွယ်ရေး) သို့အကြောင်းကြားပြီး လေယာဉ်ရောက်ရှိသည့်အချိန်တွင် တာဝန်ကျ ဝန်ထမ်းများမှ အချိန်ပိုဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။

လေဆိပ် Import လုပ်ငန်းဆောင်ရွက်လိုပါက Airport Direct Delivery (APDD)ဖြင့် ညွှန်ကြားရေးမှူး (ထုတ်ကုန်/ သွင်းကုန် ကြီးကြပ်ရေးဌာနခွဲ)ထံ ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး၊ ခွင့်ပြုချက်ရရှိထားသည့် ကုန်ပစ္စည်းများအား ကတိဝန်ခံချက်လျှောက်လွှာ (Under Taking) ဖြင့် လေဆိပ်တာဝန်ကျ အရာရှိမှ တာဝန်ယူစိစစ်၍ ပစ္စည်းထုတ်ပေးခြင်းများ ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်းသိရသည်။ ထိုကဲ့သို့ အချိန်ပိုလုပ်ငန်း ဆောင်ရွက်လိုသူများအနေဖြင့် အချိန်ပို ဆောင်ရွက်လိုသည့်ရက်အား ဧပြီ ၉ ရက် မွန်းလွဲ ၂ နာရီထက် နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး (ထုတ်ကုန်/ သွင်းကုန် ကြီးကြပ်ရေးဌာနခွဲ)ထံ လျှောက်ထားသွားရန်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန မှ အသိပေးကြေညာထားသည်။

**Source:** https://myanmar.mmtimes.com/news/138167.html

## COVID-19 Call Center စတင်အသက်ဝင်၊ အများဆုံး ၆ မိနစ်မေးမြန်းနိုင်



COVID-19 နှင့်ပတ်သက်၍ အများပြည်သူ အခမဲ့ခေါ်ဆို မေးမြန်းနိုင်သည့် COVID-19 Call Center ဧပြီ ၁၀ ရက် နံနက် ၈နာရီမှ စတင်အသက်ဝင်ပြီဖြစ်ပြီး အများဆုံး ၆ မိနစ်မေးမြန်းနိုင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အဆိုပါ call center မှ တာဝန်ရှိသူ ဆရာဝန်တစ်ဦးက မြန်မာတိုင်းမ်သို့ပြောသည်။ "မေးမြန်းသူဦးရေများပြားတဲ့အတွက် တစ်ယောက်ကို အများဆုံး ၆ မိနစ်သာ ဆွေးနွေးခွင့်ရမှာဖြစ်ပါတယ်။ ဘယ်ဟာနှိပ်ရမလဲ သေချာမသိပါက ပြန်လည်နားထောင်ရန် * ကို နှိပ်ရမှာ ဖြစ်ပါတယ်။ ပြည်သူတွေအတွက် အစစအဆင်ပြေအောင် ဆောင်ရွက်ပေးထားတာမို့ သိလိုသည်များရှိပါက မေးမြန်းနိုင်ပါတယ်"ဟု ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးက ၎င်း၏ လူမှုကွန်ရက်တွင် ရေးသားထားဖော်ပြထားသည်။

MoHS ၏ COVID-19 Call Center နံပါတ် 2019 ကို နှိပ်ပါက အသံထွက်ပေါ်လာမည်ဖြစ်ပြီး 1 ကိုနှိပ်ပါက ရောဂါလက္ခဏာများကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ 2 ကိုနှိပ်လျှင် ကူးစက်နိုင်သောနည်းလမ်းများ၊ 3 ကိုနှိပ်လျှင် ကာကွယ်နိုင်သောနည်းလမ်းများ၊ 4 ကိုနှိပ်လျှင် အသွားအလာကန့်သတ်ခြင်းနှင့် မလိုက်နာပါက အရေးယူနိုင်သည့်ဥပဒေပုဒ်မများ ပြစ်ဒဏ်များ၊ 5 ကိုနှိပ်လျှင် နောက်ဆုံး COVID-19 ပိုးတွေ့ရှိသူအရေအတွက်နှင့် 0 ကိုနှိပ်ပါက ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ Call Center အား နံပါတ် 1မှ နံပါတ် 5 အထိ ၂၄ နာရီ ခေါ်ဆိုမေးမြန်းနိုင်ပြီး နံပါတ်0ဖြစ်သည့် ဆရာဝန်နှင့်တိုက်ရိုက်ထိတွေ့မေးမြန်းမှုကို နံနက် ၈နာရီမှ ညစနာရီအထိ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ယင်းဖုန်းခေါ်ဆိုမှုများမှ free call ဖြစ်ကြောင်း ယင်း Call Center မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပြည်သူများ အလွယ်တကူသိချင်တာကို ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်ကြောင်း ဒီလိုလုပ်ခြင်းဖြင့် ပြည်သူတွေ စိုးရိမ်စိတ်လျော့ပါးစေကာ လုပ်သင့်လုပ်ထိုက်တာကို ပိုသိပြီးလုပ်ဆောင်ခြင်းဖြင့် ရောဂါဖြစ်ပွားကူးစက်မှုမှ လျော့နည်းစေမည်ဖြစ်ကြောင်းနှင့် Call Center ၏ ဖုန်းခေါ်ဆိုမှုတွင် နံပါတ် ၄ လုံးပါမည်ဖြစ်ကာ အော်တိုစနစ်နှင့်ဖြေမည်ဖြစ်ပြီး လူကိုယ်တိုင်လည်းရှိမည်ဖြစ်ကြောင်းဒေါက်တာခင်ခင်ကြီးက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/138166.html

## COVID-19 ကြောင့် မြန်မာ- တရုတ်နယ်စပ်တွင် တစ်ရက်လျှင်ကုန်သွယ်မှုပမာဏ ဒေါ်လာတစ်သန်းကျော်အထိ ထိုးကျသွား

COVID-19 ကြောင့် မြန်မာ- တရုတ်နယ်စပ်တွင် တစ်ရက်လျှင် ကုန်သွယ်မှုပမာဏဒေါ်လာ တစ်သန်းကျော်အထိ ထိုးကျသွားခဲ့သော်လည်း ဖေဖော်ဝါရီလကုန်ပိုင်းမှစတင်ကာ ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခဲ့ကြသဖြင့် လက်ရှိအချိန်၌ တစ်ရက်လျှင် ဒေါ်လာ ၁၀ သန်းကျော်အထိ ကုန်သွယ်မှုပြုလုပ်လာနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ COVID-19 တားဆီးထိန်းချုပ်နိုင်ရေး တရုတ်ပြည်မအတွင်း ခရီးသွားလာခြင်းကန့်သတ်မှုကြောင့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှုရပ်တန့်မှုမရှိသော်လည်း ကုန်သွယ်မှုပမာဏအနေဖြင့် ယခင်က တစ်ရက်လျှင် ဒေါ်လာ ၁၀ သန်းမှ ၁၅ သန်းအထိရှိရာမှ တစ်ရက်လျှင် အမေရိကန်ဒေါ်လာတစ်သန်းမှ နှစ်သန်းအထိသို့ လျော့ကျသွားခဲ့သည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ လုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့ရာ လက်ရှိတွင် တစ်ရက်လျှင် ဒေါ်လာ ၁၀ သန်းအထက်သို့ ရောက်ရှိလာပြီဖြစ်သဖြင့် ကုန်သွယ်မှုမှာ ပုံမှန်နီးပါး ဆောင်ရွက်လာနိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

တရုတ်နိုင်ငံအတွင်း ရောဂါပိုးကူးစက်မှုမရှိသည့် ပြည်နယ်များမှ ကုန်တင်ယာဉ်များ ရွှေလီ၊ ကျယ်ဂေါင်သို့ ဝင်ခွင့်ရချိန်မှစ၍ မူဆယ်မှတဆင့် နှစ်လအတွင်း CMP ကုန်ကြမ်းတင်သွင်းမှုတန်ချိန် ၁၆၉၀၀ ကျော်နှင့် တန်ဖိုးဒေါ်လာ ၅၄ ဒသမ ၆၀၂ သန်း တင်သွင်းထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ တရုတ်နိုင်ငံအတွင်း ရောဂါပိုးကူးစက်မှုမရှိသော ပြည်နယ်များမှ ကုန်တင်ယာဉ်ကြီးများ တရုတ်နိုင်ငံနယ်စပ်မြို့ဖြစ်သော ရွှေလီ၊ ကျယ်ဂေါင်မြို့များသို့ ဝင်ရောက်ခွင့် ရလာသည့်အခါမှစ၍ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ CMP ကုန်ကြမ်းတင်သွင်းမှုတွင် တစ်နေ့လျှင် ကားစီးရေငါးစီးမှ ခုနစ်စီးထိ တင်သွင်းနိုင်ခဲ့ကြောင်းသိရသည်။

၂၀၂၀ပြည့်နှစ် မတ်လဆန်းမှစ၍ တင်သွင်းမှုများ အရှိန်ရလာခဲ့ကာ မတ် ၁၀ ရက်အထိ တစ်ရက်လျှင် စီးရေ ၃၀ ခန့် တင်သွင်းခဲ့ပြီး မတ် ၁၁ ရက်မှ ၂၂ ရက်အထိ စီးရေ ၆၀ ခန့်အထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။လက်ရှိတွင် မူဆယ်နယ်စပ်မှ CMP ကုန်ကြမ်းတင်သွင်းမှု တစ်ရက်လျှင် ကားအစီးရေ ၇၀ အထိမြင့်တက်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကုန်ကြမ်းမပြတ်တောက်ခင် ကာလထက်တစ်ရက်လျှင် ကားအစီးရေ ၂၀ ကျော်အထိ မြင့်တက်လာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ ယင်းကဲ့သို့ CMP ကုန်ကြမ်းတင်သွင်းမှု မြင့်တက်ခဲ့ခြင်းသည် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ တရုတ်နိုင်ငံအတွင်း ရောဂါကူးစက် မရှိသောပြည်နယ်များမှ ကုန်တင်ယာဉ်ကြီးများ တရုတ်နိုင်ငံနယ်စပ်မြို့ဖြစ်သော ရွှေလီ၊ ကျယ်ဂေါင်မြို့များမှတဆင့် မြန်မာနိုင်ငံ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ဝင်ရောက်လာခြင်းကြောင့်ဖြစ်သည်။

**Source:** https://news-eleven.com/article/168492

## COVID -19 ကြာင့် တရုတ်တင်းကျပ်၍ နယ်စပ်ရှိ မန့်ဝင်းကုန်သွယ်ရေးစခန်း ကုန်သွယ်မှုရပ်နေ

မြန်မာနိုင်ငံတွင် COVID-19 ကူးစက်ခံရမှု ဦးရေတိုးလာသည့်သတင်းများကြောင့် တရုတ်နိုင်ငံဘက်မှ တင်းကျပ်မှုများ လုပ်ဆောင်လာသည့်အတွက် မူဆယ်နယ်စပ်ရှိ မန့်ဝင်းကုန်သွယ်ရေးဂိတ်မှ ကုန်သွယ်မှုရပ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ လက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်က မြန်မာတိုင်းမ်ကို ဧပြီ ၈ ရက်တွင်ပြောသည်။ တရုတ်၏ လုံခြုံရေးတင်းကျပ်မှုကြောင့် မြန်မာဘက်မှ ကုန်တင်ယာဉ်မောင်းများကိုပင် အဝင်မခံတော့သည့်အတွက် မြန်မာ့ဘက်မှ ဆန်၊ ပြောင်း၊ ပဲများ အဓိကတင်ပို့သော မန့်ဝင်းဂိတ်မှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်း လည်ပတ်မှုရပ်နေသည့်အတွက် အခက်အခဲဖြစ်နေသည်ဟု ၎င်းကပြောသည်။

COVID-19 ကူးစက်ပျံ့နှံ့မှုနှင့် ပတ်သက်၍ တရုတ်-မြန်မာနှစ်ဖက်စလုံးက ကန့်သတ်မှုများ များလာသည့်အတွက် အခက်အခဲဖြစ်လာကာ တစ်ဖက်နှင့်တစ်ဖက် logistic အနေအထားလည်းမတူညီသည့်အတွက် ကုန်သွယ်မှုပြုရန် အခက်အခဲဖြစ်နေသည်။ "အခုဖြစ်နေတာက တရုတ်ဘက်က ကျန်းမာရေးစစ်ဆေးထားတဲ့ ယာဉ်မောင်းတွေနဲ့ မြန်မာကုန်တင်ကားတွေကို တရုတ်ဘက်မှာပစ္စည်းချမယ်။ ပြီးရင် သူတို့ဒီဘက်မှာ ကုန်တင်ကား ပြန်လာမောင်းပေးမယ်ပေါ့။ သူတို့ဘက်က ယာဉ်မောင်း

သည် ယာဉ်မောင်းတာဝန်ပဲရှိတယ်။ ဘာတာဝန်မှမရှိဘူး။ ဒါပေမယ့် မြန်မာဘက်က ယာဉ်မောင်းတွေကျတော့ ပစ္စည်းကို ကုန်ပို့တဲ့ သူလက်ထဲအပ်တဲ့အထိ တာဝန်ယူထားတာ။ သူတို့မျက်စိရှေ့မှာ မဟုတ်ပဲ ပစ္စည်းတွေက လျော့တာတို့၊ပျက်စီးတာတို့ ဖြစ်သွားမှာလည်းဆိုးတော့ အခုအခြေအနေက မန့်-ဝင်းဂိတ်မှ ဒီနေ့ထိ အဝင်အထွက်လုပ်လို့မရသေးဘူး''ဟု ၎င်းပြောသည်။ တရုတ်-မြန်မာနယ်စပ်တွင် ပို့ကုန်၊ သွင်းကုန် တင်ပို့၊ တင်သွင်းမှု လုပ်ရာတွင် တစ်ဖက်နှင့်တစ်ဖက် စနစ်မညီပေ။ မြန်မာဘက်မှ ပို့ကုန်တင်ပို့ရာတွင် ကုန်စည်များကို ကုန်တင်တွဲကားများပေါ်တင်၍သာ သယ်ယူပို့ဆောင်ရေးလုပ်ဆောင်ခြင်းဖြစ်သည်။ တရုတ်ဘက်တွင် ထိုသို့မဟုတ်ဘဲ ကုန်စည်များအား ကွန်တိန်နာအတွင်းထည့်၍ ယင်းကွန်တိန်နာကို ကုန်ကားဖြင့် သယ်ဆောင်ခြင်းဖြစ်သည်။ ယခုအခါ တရုတ်အစိုးရက မန့်ဝင်းနယ်စပ်ဂိတ်မှ ကုန်သွယ်မှုပြုလုပ်ရာတွင် မြန်မာဘက်မှ ကုန်တင်ယာဉ်မောင်းအပါအဝင် လူအဝင်မခံပဲ ကုန်ကားများကို တရုတ်ဘက်မှ ကျန်းမာရေးစစ်ဆေးထားသော တရုတ် ယာဉ်မောင်းများဖြင့်သာ ကုန်တင်ယာဉ်ဝင်ရောက်ခွင့်ပြုသည့်ကန့်သတ်လိုက်ရာ ယင်းသည် မြန်မာပို့ကုန်တင်ယာဉ်များအတွက် မဆင်မပြေကြောင်း ၎င်းကပြောသည်။

တရုတ်အစိုးရက ဧပြီ ၅ ရက်မှစ၍ မိန့်ဝင်းဂိတ်မှ မြန်မာဘက်မှ ကုန်တင်ယာဉ်မောင်းများဝင်ရောက်ခွင့်ကိုပိတ်ခဲ့ခြင်း ဖြစ်သည်။ တရုတ်နိုင်ငံဘက်ခြမ်းရှိ ကုန်တင်ယာဉ်မောင်း၏တာဝန်ယူရမှုနှင့် မြန်မာဘက်မှ ကုန်တင်ယာဉ်မောင်း၏ တာဝန်ယူရမှုမှာ မတူညီသည့်အတွက်ဖြစ်သည်ဟု ဦးခင်မောင်လွင်ကပြောသည်။ "အဲဒါကြောင့် ဟိုဘက်မှာ ပစ္စည်းလွှဲပြောင်းဖို့က အဆင်မပြေလောက်ဘူး။ အဲဒါကို အသေးစိတ်ညှိနှိုင်းနေတယ်"ဟု၎င်းကပြောသည်။ တရုတ်နိုင်ငံရွှေလီရှိ ကျယ်ခေါင်အစိုးရ၊ သက်ဆိုင်ရာပြည်ပရေးရာဌာနနှင့် မြန်မာဘက်မှအဝေးပြေးကုန်စည်မော်တော်ယာဉ် အသင်းများ၊ သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းရှိ စခန်းတာဝန်ခံများက တရုတ်နိုင်ငံဘက်ခြမ်းသို့ သွားရောက်ညှိနှိုင်းနေပြီး ယင်းညှိနှိုင်းမှုတွင် အခက်အခဲဖြစ်ပေါ်နေပြီး ပြေလည်မရှိသေးဟုသိရသည်။ "သူတို့ဘက်ကလည်း အဆင့်ဆင့်ပြန်တင်ပြရမယ့် အနေအထား ရှိနေတယ်။ ဒီဘက်ကလည်း ကိုယ့်ဘက်က ယာဉ်မောင်းတွေ လုပ်နိုင်၊ မလုပ်နိုင်ကိစ္စကို သက်ဆိုင်ရာဌာနတွေ၊ အသင်းအဖွဲ့ တွေနဲ့ ညှိနှိုင်းနေတယ်။ သို့သော်လည်း နှစ်ဖက်လုံးက အဖြေမရသေးဘူး"ဟု ၎င်းကပြောသည်။

ထိုသို့ ညှိနှိုင်းမှုသည် နေ့စဉ်လုပ်ဆောင်နေပြီး ဧပြီလ ၉ ရက်တွင်လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပြီး အဖြေထွက် နိုင်ကြောင်းမြန်မာနိုင်ငံအဝေးပြေးကုန်တင်ယာဉ်မောင်းအသင်း(မူဆယ်)၊ဥက္ကဋ္ဌဦးဝင်းအောင်ခန့်ကပြောသည်။ တစ်ဖက်တွင် လည်း ကျင့်စန်းကျော့ဂိတ်မှ ဖရဲသခွားသီးများ တရုတ်နိုင်ငံအတွင်းထိ သွားရောက်တင်ပို့မှုကို မြန်မာဘက်မှ ကုန်တင် ယာဉ်မောင်းသူတစ်ဦးတည်းဖြင့် ဧပြီလ ၈ ရက်နေ့အထိသွားရောက်ခွင့်ရှိနေသေးသည်။ ''သို့သော်လည်း မန့်ဝင်းဂိတ်လို ကျင့်စန်းကျော့ဂိတ်မှာလည်း ဖြစ်လာရင်တော်တော်ကြီးကို စဉ်းစားရမယ့်အနေအထားဖြစ်လာပြီ"ဟု ဦးခင်မောင်လွင်က ပြောသည်။

**Source:** https://myanmar.mmtimes.com/news/138146.html

## တောရိုင်းတိရစ္ဆာန်ဈေးကွက်ပိတ်သိမ်းဖို့ မြန်မာနဲ့အာရှသားတွေလိုလား

မြန်မာနဲ့ အာရှ ပြည်သူတချို့က တောရိုင်းတိရစ္ဆာန်ဈေးကွက်ပိတ်ဖို့ တောင်းဆိုနေကြတဲ့အကြောင်း ဖော်ပြထားတဲ့ စစ်တမ်း ကောက်ယူမှုရလဒ်ကို ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့ WWF က ဒီနေ့ ဧပြီ ၇ ရက်မှာ ထုတ်ပြန်လိုက်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ WWF က မတ်လအတွင်းမှာ မြန်မာ၊ ထိုင်း၊ ဟောင်ကောင်၊ ဗီယက်နမ်၊ ဂျပန် စတဲ့ ဒေသငါးခုက ပြည်သူအယောက် တစ်ထောင်စီကို အင်တာနက်ကနေ စစ်တမ်း ကောက်ခဲ့ရာမှာ ၉၁ ရာခိုင်နှုန်းက တရားမဝင် တောရိုင်းတိရစ္ဆာန်ဈေးကွက်တွေကို ပိတ်လိုက်ရင် အခုလို ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုမျိုးကို တားဆီးနိုင်လိမ့်မယ်လို့ ဖြေဆိုထားကြပါတယ်။

ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်နေရတဲ့ မြန်မာနိုင်ငံမှာဆိုရင်လည်း တောရိုင်းတိရစ္ဆာန် စားသုံးမှုရဲ့ဆိုးကျိုးတွေကို ပိုသိလာ ကြပြီလို့ WWF အဖွဲ့ရဲ့ ထိန်းသိမ်းရေးဆိုင်ရာ ဆက်သွယ်ရေးကျွမ်းကျင်သူ ဦးရဲမင်းသွင်ကပြောပါတယ်။ "ကိုဗစ်ကြောင့် လူတွေက Wildlife Market ( တောရိုင်းတိရစ္ဆာန်ဈေးကွက်) ရဲ့ ဆိုးကျိုးတွေ ပိုသိလာတယ်ပေါ့နော်။ ဒီဟာ တွေက ကောင်းကျိုးထက် ဆိုးကျိုးပိုပေးတယ်ဆိုတာ သိလာတယ်။ ပိုပြီးတော့လူတွေက အာရုံစိုက်လာတယ်။

လောလောဆယ်မှာတော့ အစိုးရအတွက်က ကျန်းမာရေးက ပထမဦးစားပေးဖြစ်နေမှာပေ့ါနော်။ ဒါပေမဲ့ ဒီရောဂါကပ်ဆိုးကြီး ပြီးသွားတဲ့အခါမှာ WWF က ပိုပြီး ပူးပေါင်းတာတွေ လုပ်လာမှာဖြစ်တဲ့အတွက် အစိုးရက ပိုပြီးလုပ်နိုင်မယ်လို့မြင်ပါတယ်။" တကမ္ဘာလုံး ပျံ့နှံ့နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ တောရိုင်းတိရစ္ဆာန်ကနေတဆင့် လူတွေဆီကို ကူးစက်တာလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုထားပါတယ်။ တရုတ်နိုင်ငံ ဝူဟန်မြို့ကနေ ကူးစက်မှုစတင်ခဲ့ရာမှာ တရုတ်အစိုးရက တောရိုင်းတိရစ္ဆာန် ဈေးကွက်တွေကို ယာယီပိတ်သိမ်းခဲ့ပါတယ်။ ဒါပေမဲ့ တရုတ်ပြည်တွင်းမှာ ကူးစက်မှုကို ထိန်းနိုင်ပြီးနောက်ပိုင်း အဲဒီဈေးကွက် ပြန်ပြီးအသက်ဝင်လာတာကြောင့် အဲဒီဈေးကွက်တွေကို အပြီးသတ် ပိတ်သိမ်းပေးဖို့ WWF အဖွဲ့က တရုတ်အစိုးရကို တောင်းဆိုဖို့ ကြိုးစားနေပါတယ်။

ရန်ကုန်၊ မန္တလေးနဲ့ ရှမ်းပြည်နယ်တွေမှာတော့ တောရိုင်းတိရစ္ဆာန်ဈေးကွက်ရယ်လို့ သီးသန့်မရှိဘဲ ဈေးတွေမှာ ရောပြီးရောင်းချတာတွေ တွေ့ရတယ်လို့ WWF အဖွဲ့က ပြောပါတယ်။ ဒီအဖွဲ့ရဲ့ သားငှက်တရားမဝင် ကုန်သွယ်မှုဆိုင်ရာ စီမံကိန်းအရာရှိ ဒေါ်စုစုယမင်းက မြန်မာနိုင်ငံက တောရိုင်းတိရစ္ဆာန်အသားကို စားတဲ့သူတွေထဲက အများစုဟာ ကာကွယ်တားဆီးရမယ့်အရာတွေမှန်းမသိကြလို့ စားသုံးနေကြတာဖြစ်တယ်လို့ ပြောပါတယ်။ "ဆတ်သားလို့ပြောလိုက်ရင် ဆတ်သားဟာ ကာကွယ်ထားတဲ့တိရစ္ဆာန်ဆိုတာ မသိဘဲနဲ့ တောကောင်သားတွေကို စားသုံးမိနေတာ မြန်မာနိုင်ငံမှာ တော်တော်များပါတယ်။"

မြန်မာနိုင်ငံမှာတော့ တောရိုင်းတိရစ္ဆာန်ဈေးကွက်တွေဟာ အစိုးရအုပ်ချုပ်မှုနဲ့ ကင်းကွာနေတဲ့ နယ်စပ်တွေမှာ တည်ရှိတတ်တာကြောင့် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေက မျှော်လင့်ထားကြသလောက် မထိရောက်ပါဘူး။ အခုချိန်မှာတော့ ရောဂါကာကွယ်ရေးကို အဓိကထားလုပ်နေတာဖြစ်လို့ ကမ္ဘာ့ကပ်ရောဂါကာလ ကျော်လွန်ပြီး နောက်ပိုင်း တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းချတာတွေကို ဒီထက်ပိုပြီး တားဆီးတာတွေ နိုင်ငံတကာနဲ့ ူးပေါင်းပြီး လုပ်ဆောင်သွားမယ်လို့ သယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဇောက RFA ကို ပြောပါတယ်။ "ဒီကပ်ရောဂါမဖြစ်ခင်ကတည်းက တောရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးတွေရော၊ တရားမဝင်ဈေးကွက် တားဆီးရေးတွေကိုရော နိုင်ငံတကာအဖွဲ့အစည်းတွေရော NGO , INGO တွေနဲ့ ပူးပေါင်း လုပ်ဆောင်နေပါတယ်။ လောလောဆယ် ကိုဗစ်နိုင်တီး ထိမ်းချုပ်ကာကွယ်တဲ့ကိစ္စ အဓိကထားလုပ်နေရတော့ နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်ဖို့ပြောလာရင် လုပ်သွားမှာဖြစ်ပါတယ်။"

မြန်မာနိုင်ငံ နယ်နိမိတ်ထဲက တရားမဝင်တောရိုင်းတိရိစ္ဆာန်ဈေးကွက်တွေ ရှိနေတယ်လို့ လူသိများနေတဲ့ ရှမ်းပြည်နယ် မိုင်းလားဒေသမှာတော့ ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကြောင့် တောရိုင်းတိရစ္ဆာန် ရောင်းဝယ်တာတွေမလုပ်ဖို့ အထူးဒေသ ၄ မိုင်းလားအဖွဲ့က ပြီးခဲ့တဲ့ ဇန်နဝါရီလမှာထုတ်ပြန်ထားပါတယ်။ တရားမဝင်ရောင်းချခံရမှု အန္တရာယ်အများဆုံး ရင်ဆိုင်နေရတာကတော့ သင်းခွေချပ်၊ ကြောင်ကတိုး၊ ရက်ကွန်ခွေး၊ တောကြောင်၊ မျောက်၊ လင်းနို့၊ မြွေ၊ လိပ်နဲ့ ငှက်စတဲ့ တောရိုင်းတိရစ္ဆာန်တွေဖြစ်ပါတယ်။

**Source:** https://www.rfa.org/burmese/

## နွေနှမ်းသီးနှံကို တစ်ကွင်းတစ်ဆက်တည်းစိုက်ပျိုးနိုင်ရေး တောင်သူအဖွဲ့များဖွဲ့စည်းပြီး GAP နည်းစနစ်ဖြင့် စိုက်ပျိုးမည်

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း နွေနှမ်းသီးနှံကို GAP နည်းစနစ်ဖြင့် တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးနိုင်ရေး တောင်သူအဖွဲ့များဖွဲ့စည်းပြီး စိုက်ပျိုးမည်ဖြစ်ကြောင်း မင်းဘူး (စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်ဝင်းထံမှသိရသည်။ မင်းဘူး(စကု)မြို့နယ်အတွင်း ပြီးခဲ့သည့် မိုးရာသီကာလတွင် မိုးနှမ်းကို GAP နည်းစနစ်ဖြင့် စိုက်ဧက ၄၉၇၃ ဒသမ ၆၀ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။ "မင်းဘူး(စကု)မြို့နယ်အတွင်းရှိ တောင်သူအများစုမှာ ငါးဧကအောက်သာပိုင်ဆိုင်ကြပြီး တောင်သူတစ်ဦးချင်းပိုင်ဆိုင်သည့် မြေယာများမှာ တစ်ဆက်တည်းရှိမနေကြဘဲ တကွဲတပြား ရှိနေကြတယ်။ အရည်အသွေးကောင်း နှမ်းမျိုးစိုက်မည်ဆိုပါက ဈေးကွက်တစ်ခုနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် ထုတ်ကုန်ပမာဏ

များပြားစွာလိုအပ်သည့်အတွက် စိုက်ပျိုးရန် ဧကများများ လိုအပ်ပါတယ်။ တောင်သူတွေရဲ့ စိုက်ပျိုးဧကတွေကိုစုစည်းပြီး သီးနှံတစ်မျိုးတည်းကို တစ်ကွင်း၊ တစ်ဆက်တည်းစိုက်ပျိုးဖို့ စိုက်ကွင်းအတွင်း ဆောင်ရွက်မယ့်နည်းစနစ်တွေကို အရည်အသွေးကောင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် တောင်သူအားလုံး တညီတညွတ်တည်း စနစ်တကျဆောင်ရွက်ဖို့လိုအပ်ပါတယ်"ဟု ဦးစီးမှူး ဦးသိန်းနိုင်ဝင်းကပြောသည်။

ယခုနွေရာသီကာလတွင် နှမ်းသီးနှံကို GAP နည်းစနစ်ဖြင့် ကျေးရွာပေါင်း ရှစ်ရွာ၊ အစုအဖွဲ့ပေါင်း ၁၀ ဖွဲ့၊ တောင်သူပေါင်း ၁၀၈ ဦးတို့မှ စိုက်ဧက ၅၀၀ တွင် GAP နည်းစနစ်ဖြင့် နှမ်းအရည်အသွေးကောင်းရရှိရေး စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါတောင်သူများအတွက် လိုအပ်သော စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများနှင့် အပင်ရှက်ဖျန်းအားဆေးများ၊ သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲနည်းများကိုလည်း လက်တွေ့သရုပ်ပြ ဆောင်ရွက်ပေးမည်ဖြစ်သည်။ ခေတ်ကင်းစင်ပြီး အရည်အသွေးကောင်း နှမ်းများကို တစ်ကွင်းတစ်ဆက်တည်း စိုက်ကွင်းများဖြင့် စိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးရေးဌာနကွင်းဝန်ထမ်းများနှင့် တောင်သူအစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကွင်းခေါင်းဆောင်၊ အဖွဲ့ခေါင်းဆောင်များရွေးချယ်ပြီး ကျေးရွာတောင်သူဖွံ့ဖြိုးရေးကော်မတီများနှင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**Source:** https://myanmar.mmtimes.com/news/138121.html

## အသွားအလာပိတ်လိုက်သည့် အိန္ဒိယတွင် ဆန်လုပ်ငန်းများရပ်တန့်ကုန်ကာ ဆန်ဈေး သုံးလတာအနိမ့်ဆုံးကျဆင်း




ကမ္ဘာ့ ဆန်တင်ပို့မှုထိပ်သီး အိန္ဒိယတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု တားဆီးရန် နိုင်ငံနှင့်ချီ၍ အသွားအလာကန့်သတ်လိုက်ပြီးနောက် ဆန်ပို့ကုန်ဈေးများ သုံးလအတွင်း အနိမ့်ဆုံးသို့ကျဆင်းသွားသည်။ ထိုင်းနိုင်ငံတွင် ပြည်တွင်းငွေတန်ဖိုး အတက်၊ အကျအရ နှစ်များစွာအတွင်း အမြင့်ဆုံးရောက်ခဲ့သည့် ဆန်ဈေးများပြုတ်ကျလာသည်။ မေလလယ်ရောက်လျှင် အိန္ဒိယပြည်သူ တစ်သန်းကျော် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရနိုင်သည်ဟု ကျန်းမာရေးသုတေသီများက သတိပေးခဲ့ပြီးနောက် အိန္ဒိယအစိုးရက ၂၁ ရက် အသွားအလာကန့်သတ်မိန့်ထုတ်ပြန်လိုက်ပြီး လေကြောင်း၊ ကုန်းကြောင်း ခရီးသွားလာမှု၊ စီးပွားရေးလုပ်ငန်းများနှင့် ကျောင်းများအားလုံးကို ပိတ်သိမ်းလိုက်သည်။

အသွားအလာကန့်သတ်မိန့်ကြောင့် အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းများ လုပ်ငန်းလည်ပတ်ရေး အခက်ကြုံရသဖြင့် ငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်ထက် အနည်းငယ်လျော့ကျ၍ ဒီဇင်ဘာလနောက်ပိုင်း အနိမ့်ဆုံးအဖြစ် တစ်တန်လျှင် ကန်ဒေါ်လာ ၃၆၁-၃၆၅ ဒေါ်လာ၌ ရပ်တည်ခဲ့သည်။ ယခင်တစ်ပတ် ဈေးနှုန်းမှာ တစ်တန်လျှင် ၃၆၃-၃၆၇ ဒေါ်လာဖြစ်သည်။

အသွားအလာကန့်သတ်မိန့်ကြောင့် ကုန်စည်စီးဆင်းမှုကွင်းဆက်တစ်ခုလုံး အနှောင့်အယှက်ဖြစ်ခဲ့ရသည်ဟု ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ BV Krishna Rao က ပြောသည်။ အိန္ဒိယရူပီးတန်ဖိုးသည် ယခုတစ်ပတ်တွင် စံချိန်တင်အနိမ့်ဆုံးကျဆင်းခဲ့ရာ ပို့ကုန်လုပ်ငန်းများအတွက် ပြည်ပသို့ကုန်စည်တင်ပို့ရာမှ ရရှိသောဝင်ငွေကို ပိုများစေခဲ့သည်။ ထိုင်းနိုင်ငံတွင် ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က ခြောက်နှစ်ခွဲအတွင်း အမြင့်ဆုံးအဖြစ် တစ်တန်လျှင် ၄၈၀-၅၀၅ ဒေါ်လာသို့ရောက်ခဲ့ရာမှ ယခုတစ်ပတ် ကြာသပတေးနေ့တွင် တစ်တန်လျှင် ၄၆၈-၄၉၅ ဒေါ်လာသို့ ပြန်ကျလာသည်။ ရောင်းလိုအား-ဝယ်လိုအား၊ အခြေအနေမှာ အပြောင်းအလဲမရှိခဲ့ဘဲ ငွေတန်ဖိုး အတက်၊ အကျကြောင့်သာ ဈေးကျခဲ့ခြင်းဖြစ်သည်ဟု ကုန်သည်များကပြောသည်။ ထိုင်းနိုင်ငံ၏ စပါးစိုက်ဒေသများစွာတွင် ဆယ်စုနှစ်များစွာအတွင်း အဆိုးဆုံးမိုးခေါင်မှု ကြုံနေရသဖြင့်ထိုင်းဆန်ဈေးကွက်၌ ရောင်းလိုအားစိုးရိမ်မှုရှိနေဆဲဖြစ်သည်။ ထို့ပြင်ကူးစက်ရောဂါကြောင့် ပြည်တွင်းဆန် အမျိုးအစားအချို့ ဝယ်လိုအားအနည်းငယ်တက်လာပြီး ဆန်ဈေးကို ဆက်ကောင်းနေစေသည်ဟု ကုန်သည်များကပြောသည်။ ထိုင်းအစိုးရက ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာထားပြီး လယ်ယာကုန်ထုတ်လုပ်မှုနှင့် တင်ပို့မှုကို တိုက်ရိုက်ထိခိုက်စေသော ကန့်သတ်မှုမျိုးကိုမူ ထုတ်ပြန်ခြင်းမရှိသေးပေ။ "အကျပ်အတည်းကာလမှာ

ဆန်ပြတ်လပ်မှာမဟုတ်ပါဘူး။ ဒါပေမယ့် ရောင်းလိုအားစိုးရိမ်မှုအရ ဆန်ဈေးတွေဆက်လက်ကြီးမြင့်နေဦးမှာပါ”ဟု ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ဦးကပြောသည်။

ဗီယက်နမ်က ဆန်တင်ပို့မှု ရပ်နားထားသဖြင့် ထိုင်းဆန်ကို ပြည်ပဝယ်အားရှိလာလျှင် ဆန်ဈေးပို၍ကြီးမြင့်လာနိုင်သေးကြောင်း ၎င်းကပြောသည်။ဗီယက်နမ်အစိုးရက ရောဂါကပ်ကြုံချိန် ပြည်တွင်းဆန်ဖူလုံမှု ရှိ၊ မရှိ စစ်ဆေးနေဆဲဖြစ်ပြီး မတ် ၂၈ ရက်အထိ ဆန်စာချုပ်သစ်ချုပ်ဆိုမှုများရပ်နားကြောင်း ဗုဒ္ဓဟူးနေ့ကကြေညာထားသည်။ ထို့ကြောင့် ယခုတစ်ပတ် ဗီယက်နမ်ငါးမှတ်ဆန် ဈေးနှုန်းများကို ထုတ်ပြန်ထားနိုင်ခြင်းမရှိပေ။ “ကုန်သည်တွေ၊ ပို့ကုန်လုပ်ငန်းတွေက အရောင်းအဝယ်အားလုံးကို ရပ်ထားပါတယ်။ ဗီယက်နမ်က တင်ပို့တဲ့ဆန်တွေအတွက်အကောက်ခွန်ရှင်းလင်းမှု လုပ်ငန်းတွေကိုလည်း တာဝန်ရှိသူတွေက ဆိုင်းငံ့ထားပါတယ်”ဟု ဟိုချီမင်းစီးတီးမြို့အခြေစိုက်ကုန်သည်တစ်ဦးကပြောသည်။ ကုန်သည်များက ဆန်ဆက်လက် တင်ပို့ခွင့် ရှိ၊ မရှိသိရန် အစိုးရ၏ နောက်ဆုံးဆုံးဖြတ်ချက်ကို စောင့်မျှော်နေကြသည်ဟုပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဗိုင်းရပ်စ်စိုးရိမ်စိတ်ကြောင့် ထိတ်လန့်တကြား ဈေးဝယ်လာကြသဖြင့် ပြည်တွင်းဆန်ဈေးများ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ ဝန်ကြီးချုပ် ရှိတ်ဟာစီနာက ပြည်သူများ ကုန်စည်ကို လိုသည်ထက်ပို၍ သိုမှီးမှုမပြုလုပ်ရန် ဗုဒ္ဓဟူးနေ့ကပန်ကြားလိုက်ပြီး နိုင်ငံအရန်ဆန် တန်ချိန် ၁ ဒသမ ၇ သန်း ရှိနေသေးကြောင်းပြောဆိုခဲ့သည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/education/9080536

## ကိုရီးယားသမ္မတနိုင်ငံရှိ ထင်ရှားသည့်ကုမ္ပဏီအများစုမှ ၎င်းတို့၏ဝန်ထမ်းအချို့အား လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်စေခြင်း

ကိုရီးယားသမ္မတနိုင်ငံရှိ ထင်ရှားသည့်ကုမ္ပဏီကြီးများဖြစ်သော SK၊ Hyundai၊ Samsung နှင့် Lotte တို့သည် Novel Coronavirus (COVID-19) ရောဂါကူးစက်ပျံ့နှံ့ခြင်းမှကာကွယ်ရန် နေအိမ်မှအလုပ်လုပ်ခြင်းမူဝါဒကို တစ်လကျော်ကျင့်သုံးခဲ့ပြီးသည့်နောက် အစိုးရ၏ Social Distancing Campaign (၂)ပတ်ပြည့်မြောက်သည့် ၆-၄-၂၀၂၀ ရက်နေ့တွင် ဝန်ထမ်းအချို့အား လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်စေခဲ့ပြီး၊ ထိုသို့ဆောင်ရွက်ရခြင်းသည် COVID-19 ကြောင့် ထိခိုက်လာသော ကုမ္ပဏီများ၏ရောင်းအားနှင့် နိုင်ငံ၏စီးပွားရေးကျဆင်းမှုတို့ကို ပြန်လည်မြှင့်တင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ရန်ဖြစ်ကြောင်း သိရှိရပါသည်။ နေအိမ်မှအလုပ်လုပ်စေသည့်မူဝါဒ (Work from home Policy) သည်အချို့သော လုပ်ငန်းခွင်များအတွက်အသုံးတည့်ပြီး၊ Digitalizationကို ပိုမိုမြှင့်တင်အားပေးရာရောက်သော်လည်း ကုန်ထုတ်လုပ်ရေး၊ အရောင်းဌာန၊ ဈေးကွက်မြှင့်တင်ရေးတို့အပါအဝင် အချို့သောလုပ်ငန်းများသည် လုပ်ငန်းသဘောသဘာဝအရ လုပ်ငန်းခွင်တွင်ဆောင်ရွက်မှသာ ပိုမိုထိရောက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရသည် Coronavirus ကာကွယ်ရေးအတွက် Social Distancing Campaign ကာလကို (၂)ပတ်ထပ်မံတိုးမြှင့်ခဲ့ပြီး ကျောင်းများဖွင့်လှစ်ရန် ယာယီဆိုင်းငံ့ထားဆဲဖြစ်သော်လည်း ကုမ္ပဏီများအနေဖြင့် လိုအပ်သည့် ဆောင်ရန်/ရှောင်ရန်များနှင့် Risk Management များကိုစီမံလျက် လုပ်ငန်းခွင်ပြန်လည်စတင်ရန် လိုအပ်နေပြီဖြစ်ကြောင်းသိရှိရပါသည်။

SK E&S (Energy & Solution Provider)တို့မှဝန်ထမ်းများသည် လုပ်ငန်းခွင်သို့ ပြန်လည် ဝင်ရောက်နေပြီဖြစ်ပြီး၊ SK Innovation၊ SK Telecom မှ ဝန်ထမ်းများအနေဖြင့် လာမည့်သတင်း ပတ်တွင် ရုံးပြန်တက်ကြမည်ဖြစ်ကြောင်း၊ LG U+အနေဖြင့်လည်း ၎င်း၏ဝန်ထမ်းများအား လုပ်ငန်း ခွင်ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် သုံးသပ်မှုများဆောင်ရွက်နေကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့မှစတင်၍ Hyundai Mortors နှင့် KIA အုပ်စုတို့သည် လုပ်ငန်းခွင်များကို ပုံမှန်ပြန်လည်စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ KT နှင့် Lottej တို့မှဝန်ထမ်းများသည်လည်း ကိုယ်ဝန်ရှိသူ နှင့် နေမကောင်းသူများမှအပ ကျန်ဝန်ထမ်းအချို့သည် လုပ်ငန်းခွင်သို့ဝင်ရောက်နေပြီဖြစ်ပါကြောင်း၊ Hyundai Mortors နှင့် KIA အုပ်စုတို့သည် ဝန်ထမ်းများအား Coronavirus မှကာကွယ်နိုင်ရန် လုပ်ငန်းခွင်အချိန်ကိုလျှော့ချ၍ အလှည့်အဆိုင်းဖြင့် စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဥရောပ၊ အမေရိကနှင့် အာရှဒေသတို့ရှိ ၎င်းတို့၏စက်ရုံများတွင်လည်း အလားတူဆောင်ရွက်ခဲ့ကြပါကြောင်း၊ လုပ်ငန်းခွင်အချိန်ကို မူလက နံနက် ၈ နာရီမှ ညနေ ၄ နာရီ သတ်မှတ်ထားခဲ့ရာမှ နံနက် ၁၀ နာရီမှ ၄ နာရီသို့ ပြောင်းလဲသတ်မှတ်ခဲ့ပြီးသည့်နောက် ပိုမိုအဆင်ပြေစေရန် နံနက် ၈ နာရီမှ နေ့လည် ၁ နာရီသို့ ပြောင်းလဲသတ်မှတ်ပေးခဲ့ပါကြောင်းသိရှိရပါသည်။

Hyundai Mortors နှင့် KIA အုပ်စုအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း မော်တော်ယာဉ် ၇ သန်း ရောင်းချနိုင်ရန် မျှော်မှန်းထားသော်လည်း COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရောင်းအားပြည့်မီရန် မဖြစ်နိုင်တော့ကြောင်း၊ Samsung Electronics သည် "Local Coronavirus Taskforce" ကိုဖွဲ့စည်းခဲ့ပြီး Coronavirus ကြောင့် မိမိတို့ကုမ္ပဏီ၏ စီးပွားရေးအပေါ်ထိခိုက်မှုများကိုကုစားနိုင်ရေးအတွက် မူဝါဒများအား ကမ္ဘာအရပ်ရပ်ရှိ ၎င်း၏ ရုံးခွဲများ၊ လုပ်ငန်းခွဲများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

သို့ပါ၍ ၆-၄-၂၀၂၀ ရက်နေ့တွင် The Korea Times သတင်းစာ၌ ဖော်ပြပါရှိသော ကိုရီးယားသမ္မတနိုင်ငံရှိ ထင်ရှားသည့်ကုမ္ပဏီအများစုမှ၎င်းတို့၏ဝန်ထမ်းအချို့အား မူလလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်စေပြီဖြစ်ကြောင်း သတင်းအား သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

**Source: The Korea Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့**

## COVID-19 ၏ ဂယက်ရိုက်ခတ်မှုများကို ကုစားနိုင်ရေးအတွက် စင်ကာပူဒေါ်လာ ၅.၁ ဘီလီယံ တန်ဖိုးရှိသော တတိယအကြိမ်မြောက် အထောက်အပံ့ပေးမည့်အစီအမံကို ထုတ်ပြန်ကြေညာ

COVID - 19 အား တိုက်ဖျက်နိုင်ရန်အတွက် ရောဂါကူးစက်မှုလမ်းကြောင်းကိုဖြတ်တောက်နိုင်ရေး ကျောင်းများနှင့် လုပ်ငန်းခွင်များကို ရက်သတ္တပတ် (၄)ပတ်ကြာ ရပ်နားထားရမည့် Circuit Breaker အစီအမံနှင့်အတူ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများ၏ အခက်အခဲများကို ထပ်မံပံ့ပိုးကူညီပေးမည့် စင်ကာပူဒေါ်လာ ၅.၁ ဘီလီယံ တန်ဖိုးရှိသော တတိယအကြိမ်မြောက် ဘတ်ဂျက်အစီအမံကို ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Mr Heng Swee Keat က ပါလီမန်၌ ၆ - ၄ - ၂၀၂၀ ရက်နေ့တွင် အသိပေးကြေညာပေးခဲ့ကြောင်းသိရှိရပါသည်။

ကြံ့ခိုင်ရေးဘတ်ဂျက် (Solidarity Budget) ဟု အမည်ပေးထားသော တတိယမြောက် ဘတ်ဂျက်အစီအမံတွင် ဧပြီလအတွင်း လုပ်ငန်းကဏ္ဍအသီးသီးရှိ လုပ်သားများ၏ လုပ်ခလစာအပေါ် ၇၅ ရာခိုင်နှုန်းအထိ ကျခံပေးမည့် အစီအစဉ်၊ ယခင်အစီအမံထက် အရေအတွက်တိုးမြှင့်၍ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ၁၀,၀၀၀ ခန့်က တိုက်ရိုက်ငွေသားထောက်ပံ့မှု ရရှိမည့်အစီအစဉ်၊ လုပ်ငန်းများ၏ ငွေသားလိုအပ်ချက်ကို အထောက်အကူပြုနိုင်ရန် ဧပြီလအတွင်း Work permit နှင့် S pass ကိုင်ဆောင်ထားသော နိုင်ငံခြားလုပ်သားများအတွက် စည်းကြပ်ခွန်ကို လျှော့ပေါ့ပေးမည့် အစီအစဉ်၊ အစိုးရက စီမံခန့်ခွဲသော စက်ရုံ၊ အလုပ်ရုံ၊ ရုံးခန်း၊ ဆိုင်ခန်း၊ စိုက်ပျိုးမွေးမြူရေးမြေ စသည်တို့အတွက် ငှားရမ်းခများကို ယခင်ထက် ပိုမိုလျှော့ပေါ့ပေးမည့် အစီအစဉ်၊ SME များ လုပ်ငန်းလည်ပတ်နိုင်စေရေး ချေးငွေရယူမှုနှင့်စပ်လျဉ်း၍ ချေးငွေဆုံးရှုံးနိုင်ခြေအပေါ် အစိုးရသည် ယခင်အစီအမံအရ ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ အာမခံပေးမည့်အစီအစဉ်၊ ၂၁ နှစ်အထက် စင်ကာပူနိုင်ငံသားများအတွက် ယခင်က စင်ကာပူဒေါ်လာ ၃၀၀ မှ စင်ကာပူဒေါ်လာ ၆၀၀ အထိ တိုးမြှင့်၍ ငွေသားထောက်ပံ့ပေးမည့် အစီအစဉ်များ ပါဝင်ကြောင်း၊ ယခုဘတ်ဂျက်အစီအမံဖြင့် စီးပွားရေးလုပ်ငန်းများနှင့် လုပ်သားများအတွက် စင်ကာပူဒေါ်လာ ၄ ဘီလီယံရှိသော အစီအစဉ် များဖြင့် ထောက်ပံ့ပေးမည်ဖြစ်ပြီး၊ စင်ကာပူနိုင်ငံသားများကို တိုက်ရိုက်ငွေသားထောက်ပံ့ပေးရန်အတွက် စင်ကာပူဒေါ်လာ ၁.၁ ဘီလီယံ သုံးစွဲရမည်ဖြစ်သောကြောင့် နိုင်ငံတော်၏သီးသန့်ရန်ပုံငွေမှ စင်ကာပူဒေါ်လာ ၄ ဘီလီယံကို ထုတ်ယူသုံးစွဲရန်လိုအပ်ကြောင်းနှင့် ထိုသို့ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သမ္မတထံမှ မူအားဖြင့်သဘောတူညီမှု ရရှိပြီးဖြစ်ကြောင်း ဖော်ပြထားပါသည်။

Solidarity Budget ဖြင့် ထောက်ပံ့ပေးနိုင်ရန်အတွက် ယခင်အစိုးရသက်တမ်းအတွင်း နိုင်ငံတော်၏ သီးသန့်ရန်ပုံငွေမှ စင်ကာပူဒေါ်လာ ၄ ဘီလီယံနှင့် လက်ရှိအစိုးရသက်တမ်း၏ ဘတ်ဂျက်ပိုငွေမှ စင်ကာပူဒေါ်လာ ၁.၁ ဘီလီယံကို ထုတ်ယူသုံးစွဲရမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ်မြောက် အစီအမံအတွက်မူ ယခင်အစိုးရသက်တမ်းအတွင်း သီးသန့်ရန်ပုံငွေ လက်ကျန်စာရင်းမှ စင်ကာပူဒေါ်လာ ၁၇ ဘီလီယံကို ထုတ်ယူသုံးစွဲရမည်ဖြစ်ကြောင်း သိရှိရပါသည်။ စင်ကာပူသည် COVID - 19 ၏ ပြင်းထန်သော ဂယက်ရိုက်ခတ်မှု အခြေအနေများအပေါ် ဒူပေနာပေခံနိုင်မှုရှိစေရန် စင်ကာပူဒေါ်လာ ၆.၄ ဘီလီယံတန်ဖိုးရှိသော ပထမအကြိမ် ဘတ်ဂျက် အစီအမံကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင်လည်းကောင်း၊ စင်ကာပူဒေါ်လာ ၄၈.၄ ဘီလီယံ တန်ဖိုး

ရှိသော သမိုင်းမှတ်တမ်းတင်ရမည့် ဒုတိယမြောက် အစီအမံကို မတ်လ ၂၆ ရက်နေ့တွင်လည်းကောင်း၊ ယခုတတိယ အကြိမ်မြောက် စင်ကာပူဒေါ်လာ ၅.၁ ဘီလီယံ တန်ဖိုးရှိသော အထောက်အပံ့ပြုရေး အစီအမံအပါအဝင် စုစုပေါင်း စင်ကာပူဒေါ်လာ ၅၉.၉ ဘီလီယံ (GDP ၏ ၁၂ ရာခိုင်နှုန်း) အစီအမံတို့ဖြင့် ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပါသည်။ ယင်းအစီအမံများကြောင့် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လိုငွေမှာ စင်ကာပူဒေါ်လာ ၄၄.၃ ဘီလီယံ (GDP ၏ ၈.၉ ရာခိုင်နှုန်း) ပေါ်ပေါက်နိုင်ကြောင်း၊ မိမိတို့သည် နောင်လာမည့်အစိုးရအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်ပေါ် စေလိုကြောင်း၊ ယခင်အစိုးရ၏ စည်းမျဉ်းစည်းကမ်း ကောင်းမွန်မှုနှင့် အမြော်အမြင်ရှိမှုတို့ကိုလည်း ကျေးဇူးတင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှာ ရောဂါဖြစ်ပွားမှု ဆက်လက်တိုးပွားနေသည့် အတွက် မိမိတို့သည် စည်းလုံးညီညွတ်စွာဖြင့် ဤအစီအမံများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့ပါသည်။

**Source: The Business Times/ Channel News Asia**

**စီးပွားရေးသံမှူး – မြန်မာသံရုံး၊ စင်ကာပူမြို့**

## ယွမ်ငွေ (၁၀)ဘီလီယံတန်ဖိုးရှိ ဆေးဘက်ဆိုင်ရာအထောက်အကူပံ့ပိုးမှုများကို တင်ပို့ခဲ့သည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် ကိုရိုနာကပ်ရောဂါအား တိုက်ဖျက်ရာတွင် တစ်ကမ္ဘာလုံးနှင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး၊ မတ်လ (၁)ရက်နေ့မှ ဧပြီလ (၄)ရက်နေ့အထိ ဆေးဘက်ဆိုင်ရာအထောက်အကူပစ္စည်းများ ထောက်ပံ့တင်ပို့မှုမှာ ယွမ်ငွေ (၁၀.၂)ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၄၃ ဘီလီယံခန့်)ရှိပြီဖြစ်ကြောင်း သိရပါသည်။

ထိုကဲ့သို့တင်ပို့ခဲ့သည့် ဆေးဘက်ဆိုင်ရာအထောက်အကူပစ္စည်းများတွင် နှာခေါင်းစည်း အခုရေ (၃.၈၆)ဘီလီယံ၊ ကာကွယ်ရေးဝတ်စုံပေါင်း (၃၇.၅၂)သန်း၊ ရောင်ခြည်သုံး ကိုယ်ပူချိန်တိုင်းကိရိယာအခုရေ (၂.၄၁)သန်းတို့အပြင် အသက်ရှူအထောက်အကူပြုစက်များ၊ ရောဂါပိုးရှိမရှိ စစ်ဆေးသောပစ္စည်းများနှင့် ကာကွယ်ရေးသုံးမျက်မှန်အကြည်များလည်း ပါဝင်ကြောင်း အကောက်ခွန်ဌာနမှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံအနေဖြင့် ကပ်ရောဂါအားတိုက်ဖျက်ရန် အခြားနိုင်ငံများကို ရိုးသားစွာကူညီပေးရန် ကမ်းလှမ်းသောကြောင့် ဆေးဘက်ဆိုင်ရာထောက်ပံ့ပေးသော ပစ္စည်းများတင်ပို့မှုကို မည်သည့်အခါတွင်မျှ ထိန်းချုပ်လိမ့်မည်မဟုတ်ကြောင်း၊ ဆေးဘက်ဆိုင်ရာပစ္စည်းများကိုတင်ပို့ရာ၌ အရည်အသွေးနှင့် စိတ်ချရမှုတို့အပေါ် အမြဲအနီးကပ်အလေးပေးကြောင်း၊ အရည်အသွေးထိန်းချုပ်ရေးအား ခိုင်မာအားကောင်းစေရန် ဆေးဝါးပစ္စည်းစီမံ အုပ်ချုပ်ရေးဌာနမှ အတည်ပြုထုတ်ပေးထားသော လက်မှတ်များတင်ပြနိုင်သည့်၊ တင်သွင်းမည့်နိုင်ငံမှ အရည်အသွေးထိန်းချုပ်ရေးစံချိန်စံညွှန်းများနှင့်ကိုက်ညီကြောင်း အထောက်အထားတင်ပြနိုင်သည့် ပို့ကုန်များကိုသာလျှင် အကောက်ခွန်ဌာနက ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအား တိုက်ဖျက်ရန် ပံ့ပိုးကူညီခြင်းနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများတင်ပို့ရေးအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ကို ဖန်တီးရန် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ဆန္ဒရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်က ထုတ်ဖော်ပြောကြားထားပါသည်။

တရုတ်နိုင်ငံ၏ တရားဝင်အဖွဲ့အစည်းများတွင် မှတ်ပုံတင်ထားသော ဆေးဘက်ဆိုင်ရာပစ္စည်းများကို ဝယ်ယူတင်သွင်းလိုသည့် ပြည်ပမှ ဝယ်ယူသူများအနေဖြင့် ၎င်းပစ္စည်းများကို အသုံးမပြုမီ အရည်အသွေးအတည်ပြုခြင်းနှင့် အသုံးပြုရမည့်နေရာနှင့် လုပ်ရိုးလုပ်စဉ်များအတိုင်း အတိအကျလိုက်နာကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က အကြံပြုထားပါသည်။

**Source:** Xinhua

**စီးပွားရေးသံမှူး – မြန်မာသံရုံး၊ နန်နင်း**

# STOCK EXCHANGE (9.4.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 9th Apr. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 11,000 | 11,000 | 10,500 | 3,216 | 34,599,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,650 | -50 | -1.35% | 3,700 | 3,750 | 3,650 | 11,528 | 42,778,150 | 38,929,150 | 142,091 |
| MCB | 00003 | 8,500 | +400 | +4.94% | 9,100 | 9,100 | 8,500 | 30 | 272,400 | 10,400,986 | 88,408 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 11 | 236,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 318 | 890,400 | 12,823,224 | 35,905 |


## Market summary

As of 9th Apr. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 441.27 | +1.62 | +0.37% | 449.55 | 450.97 | 439.65 | 15,103 | 78,776,950 | 5 | 604,237 |

### Index chart




## Market Overview

As of 1:00 pm, 9th Apr. 2020

| MYANPIX | 441.27 ▲ 1.62 |
|---|---|
| Total Volume (shares) | 15,103 |
| Total Value (MMK) | 79 mil |
| Listed Company | 5 |
| Market Cap. (MMK) | 604,237 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,650 | ▼ 50 |
| MCB | 00003 | 8,500 | ▲ 400 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |